


# Mingalaba
# မင်္ဂလာပါ

143| October - November 23

ADRA

## ဦးစောလှ၏ ဇာတ်ကြောင်း

သန့်ရှင်းသောရေပေးဝေရေးစနစ်မှ တစ်ဆင့် လူမှုအဖွဲ့အစည်းအား ပေါင်းကူးပေးခြင်း

# Mingalaba
မင်္ဂလာပါ

ISSUE 43 | OCTOBER - NOVEMBER 2023

## ADRA ၏ အကြောင်း

Adventist Development and Relief Agency (ADRA) သည် သတ္တမနေ့ကို မြှော်လင့်ခြင်းအသင်းတော်၏ ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လက်ရုံးတော်အဖွဲ့တစ်ခုလည်းဖြစ်သည်။ ADRA သည် လူမျိုး၊ နိုင်ငံရေးဆက်နွယ်မှု၊ ကျား၊ မ သို့မဟုတ် ဘာသာရေးအသင်းအဖွဲ့တို့ကို ခွဲခြားခြင်းမရှိဘဲ နိုင်ငံပေါင်း ၁၂၀ ရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ဖွံ့ဖြိုးရေးအကူအညီများကို ပေးအပ်လျက်ရှိသည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အတူတကွပူးပေါင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုအရ သက်ဆိုင်သော အစီအစဉ်များကို ပေးအပ်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ပြောင်းလဲမှုအတွက်လည်း စွမ်းဆောင်ရည်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ADRA Myanmar ၏ အကြောင်း

ADRA Myanmar သည် မြန်မာနိုင်ငံတွင် အသိအမှတ်ပြု မှတ်ပုံတင်ထားသော INGO တစ်ခုဖြစ်ပြီး ADRA ကွန်ရက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းလည်း ဖြစ်သည်။ ၁၉၈၄ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သော ADRA Myanmar သည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကယ်ဆယ်ရေး အကူအညီများ ပံ့ပိုးပေးသည့် ADRA ကွန်ရက်အတွင်း ရှေးအကျဆုံး နိုင်ငံရုံးများအနက်မှ တစ်ခုလည်းဖြစ်သည်။ ADRA Myanmar သည် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အရေးပေါ် အခြေအနေတွင်တုံ့ပြန်ဆောင်ရွက်ခြင်းစသည့် အဓိကကဏ္ဍကြီး လေးခုဖြင့် စီမံကိန်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ADRA Myanmar ၏ ရုံးချုပ်မှာ ရန်ကုန်မြို့တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့ တွင်လည်း ရုံးခွဲများကို ဖွင့်လှစ်ထားသည်။

# CONTENTS


၂ အယ်ဒီတာအဖွဲ့

၃ ဆောင်းပါး

၄ ကျွန်ုပ်တို့ဝန်ထမ်းနှင့် တွေ့ဆုံခြင်း

၅ ယခုလ ဓာတ်ပုံကဏ္ဍ

၆ နောက်ဆုံးရ စီမံကိန်း အချက်အလက်များ


# EDITORIAL


**EDITOR/TRANSLATOR**
Pyae Phyo Lin

**SUPERVISING EDITOR**
Vitalie Zegera

**CONTRIBUTERS**
Aung Cho Min, Aung Bo Bo Htay, Naw Mu Mu Saw
Nang Moung Koh Pawh Awr, Htay Htay Myint,
Zaw Moe Aung

**PUBLISHER**
ADRA Myanmar


*'Mingalaba' is the official newsletter of ADRA Myanmar re-launched in March 2020. Photos and content are the property of ADRA Myanmar.



## ဦးစောလှ၏ ဇာတ်ကြောင်း

ရေသည် လူသားတို့၏ အသက်ရှင်သန်မှုအတွက် မရှိမဖြစ် လိုအပ်လှသည်ဖြစ်သည်။ ချက်ပြုတ်သုံးစွဲရန် အသုံးပြုသောရေသည် ဘေးကင်းသည်ဟု မှတ်ယူရန်မှာလည်း အရေးကြီးလှပေသည်။ လုံခြုံသောရေမရှိခြင်းသည် ကျန်းမာရေးပြဿနာများစွာကို ဖြစ်စေပြီး သေဆုံးသည်အထိ ဖြစ်စေနိုင်သည်။

ကရင်ပြည်နယ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ရာ ကျေးရွာများသည် စကောကရင်မျိုးနွယ်စုများ၏ ဇာတိဖြစ်သည်။ ရွာတွင်လူဦးရေ ၁၅၀၀ ခန့်ရှိပြီး (အိမ်ထောင်စုစုပေါင်း ၃၀၀) ခန့် နေထိုင်ကြသည်။

သာယာကုန်းကျေးရွာတွင် မိသားစုအများစုသည် ကွန်ကရစ်ကွင်းတူးသည့် ရေတွင်းတစ်တွင်းကို ပိုင်ဆိုင်ကြသည်။ သို့သော်လည်း အခြားရွာနှစ်ရွာတွင် ၎င်းတို့ကိုယ်ပိုင်ရေတွင်းများ တူးဖော်ထားခြင်း မရှိသောကြောင့် အဆိုပါကျေးရွာများသည် မြေမြင့်ပေါ်တွင် တည်ရှိနေပါသည်။

နွေရာသီကာလတွင် အဆိုပါကျေးရွာများရှိ လက်ရှိရေတွင်းများမှ ရေများသည် ခန်းခြောက်သွားကာ ရေရရှိနေမှုမှာလည်း မကြာခဏ ပြတ်တောက်လေ့ရှိသည်။

“နွေရာသီမှာ ချောင်းတွေ၊ တခြား အရင်းအမြစ်တွေလို တခြားနေရာတွေကနေ ရေရတာရှိမယ်။ ဒါပေမဲ့ မိနစ် ၂၀ လောက် လမ်းလျှောက်ရမယ်။ နောက်ပြီး နွေရာသီမှာ ဝမ်းပျက်ဝမ်းလျှောလို ကူးစက်နိုင်တဲ့ရောဂါတွေ အလွန်ဖြစ်ပွားတယ်” ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောဆိုသည်။

ရေတွင်းများ ခန်းခြောက်ခြင်းကြောင့် သုံးစွဲရန်ရေရရှိရေးခက်ခဲလာသည့်အပြင် နွေရာသီတွင် အများအားဖြင့် ကျန်းမာရေး ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

UNICEF ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ADRA Myanmar သည် အဆိုပါကျေးရွာသုံးရွာရှိ ပြည်သူများ၏ ရေရရှိရေးအခက်အခဲကို လျှော့ချနိုင်ရန်အတွက် ဘေးကင်းသော ရေပေးဝေရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

“အများအားဖြင့် အမျိုးသမီးတွေက ချက်ပြုတ်ဖို့အတွက် ရေကိုသွားခပ်ကြရတယ်။ ရေလုံလောက်စွာ မရတဲ့အခါ ခါတိုင်းထက်ပိုပြီး အခက်အခဲတွေ့ရတယ်။ အခုလိုရေစနစ်တည်ဆောက်ပြီးတဲ့အခါ တစ်နှစ်ပတ်လုံး ရေကို သုံးစွဲနိုင်တော့မှာပါတယ်။ ဒါဆိုရင် ရပ်ရွာကျန်းမာရေးလည်း တိုးတက်လာမယ်။ ရေခပ်ဖို့ အချိန်ပေးစောင့်စရာမလိုပါဘူး။ ” အိမ်ထောင်ဦးစီး ဦးစောလှက ပြောဆိုသည်။

> “ရေပေးဝေရေးစနစ်ပိုက်လိုင်းသွယ်တန်းပေးမှာကို သိရချိန်မှာ အရမ်းဝမ်းသာမိပါတယ်။ အဲဒီလိုထောက်ပံ့ပေးလို့လည်း ကျေးဇူးတင်ပါတယ်”

ကျွန်ုပ်တို့ဝန်ထမ်းနှင့်
တွေ့ဆုံခြင်း



## AYE AYE NYO

**Project Manager - ReCAP**

Q1 ဘာလူမျိုး / ဘယ်နိုင်ငံသားပါလဲ။
ကချင်၊ ဗမာပါ။

Q2 အကြိုက်ဆုံးအစားအစာက ဘာပါလဲ။
ဒူးရင်းသီးပါ။

Q3 အကြိုက်ဆုံးအရောင်က ဘာအရောင်ပါလဲ။
အနက်နှင့် အနီပါ။

Q4 ပျော်ရွှင်ဖို့အတွက် ဘာကိုလုပ်ရတာ အကြိုက်ဆုံးလဲ။
ရေကူးရတာပါ။

Q5 ဘယ်နေရာဒေသ ဒါမှမဟုတ် ဘယ်နိုင်ငံကို သွားရောက်လည်ပတ်ချင်ပါသလဲ။
Paris, France

Q6 ကိုယ့်ကိုယ်ကိုယ် စကားလုံးတစ်လုံးတည်းနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။
Mutual Respect

Q7 ADRA ကိုဘယ်တုန်းက စတင်ဝင်ရောက်ခဲ့တာပါလဲ။
ဖေဖော်ဝါရီ ၂၀၂၃ ခုနှစ်ပါ။

Q8 ADRA မှာ အလုပ်လုပ်ရတာ ဘာကြောင့်ကြိုက်နှစ်သက်ပါသလဲ။
ပံ့ပိုးကူညီပေးမှုတွေလုပ်ဆောင်ပေးရတာကြောင့်ပါ။

ADRA

## ကျွန်ုပ်တို့အဖွဲ့နှင့် လက်တွဲပါ

Adventist Development and Relief Agency (ADRA) သည် ကမ္ဘာတစ်ဝန်းရှိ ထိခိုက်လွယ်သော လူမှုအသိုင်းအဝန်းထံသို့ အကူအညီများပေးအပ်နိုင်ရန်အတွက် နိုင်ငံများအသီးသီးတွင် အကူအညီပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ADRA Myanmar သည်လည်း ADRA ကွန်ရက်အတွင်း ‘အကောင်အထည်ဖော်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆိုင်ရာရုံး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ဝဘ်ဆိုဒ် www.adramyanamr.org သို့ ဝင်ရောက်ကြည့်ရှုပါ။ သို့မဟုတ် သင့်စိတ်ပါဝင်စားမှုအတွက် recruitment@adramyanmar.org သို့ အခုပင်မေးလ်ပေးပို့လိုက်ပါ။




ဓာတ်ပုံ၏အကြောင်း

ADRA Myanmar ၏ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ရှားမှုဆိုင်ရာ စီမံကိန်းများအကောင်အထည်ဖော်ရာ ကရင်ပြည်နယ်အတွင်းရှိ အကျိုးခံစားခွင့်ရှိသည့် ကလေးငယ်တစ်ဦးကိုတွေ့ရစဉ်။

# CONTACT US

**The Adventist Development & Relief Agency Myanmar**
Apartment 3-2, 4th Floor, Block A, E Condominium,
Zay North Street (Off U Wisara Road),
Dagon Township, Yangon MYANMAR 11191

Phone: +95 1 240 900
Email: admin@adramyanmar.org
Website: adramyanmar.org





# SEAQE2

ယခုလတွင်၊ Norad နှင့် ADRA မှ နော်ဝေနိုင်ငံမှ ထောက်ပံ့သော SEAQE2 စီမံကိန်းသည် အောက်တိုဘာလ ၂၀ ရက်နေ့တွင် Mountain View Academy (MVA) တွင် သက်မွေး ပညာ သင်တန်းအမှတ်စဉ် ၃ သင်တန်းဆင်းပွဲ အခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခြေခံစက်ချုပ်ခြင်း၊ ဆံပင်ညှပ်ခြင်း၊ ဆံပင် အလှပြင်ခြင်း၊ ကျေးလက်စက်ပြင်နှင့် ဂဟေ သင်တန်းစသည့် ရက်တိုသင်တန်း (၅)ခုကို မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော MVA၊ Hsar Mu Htaw နှင့် KECD တို့၏ ပံ့ပိုးကူညီမှုဖြင့် သင်ကြားပေးခဲ့သည်။ ရက်တိုသင်တန်း ၅ ခုတွင် စုစုပေါင်း ကျောင်းသား ၁၄၂ ဦး စာရင်းသွင်းထားပြီး ဖြစ်သည်။





အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် MVA နှင့် Hsar Mu Htaw အဖွဲ့အစည်းမှ ကြီးမှူးကျင်းပသော ရက်တိုသင်တန်းမှ ကျောင်းသား ကျောင်းသူ ၈၇ ဦးအား သင်တန်းဆင်း လက်မှတ်နှင့် ဆုများ ပေးအပ်ခဲ့ပါသည်။

အသက်မွေးဝမ်းကြောင်းသင်တန်းအစီအစဉ်ကို ဩဂုတ် ၂၈ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ စတင်ခဲ့ပြီး Batch 3 သင်တန်းတွင် သင်တန်းသား စုစုပေါင်း ၁၄၂ ဦး အောင်မြင်ခဲ့ပြီး သင်တန်းသား ၁၀၀ ဦး ဆက်လက်ပါဝင်ခဲ့သည်။








# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## SHAPE

MFAT နှင့် ADRA New Zealand မှ ရန်ပုံငွေထောက်ပံ့ထားသည့် SHAPE စီမံကိန်းသည် အောက်ပါလုပ်ငန်းများကို ပြီးမြောက်ခဲ့သည်။

အိမ်တွင်းတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးဆိုင်ရာအစည်းအဝေးကျင်းပခြင်း– စိုက်ပျိုးရေးလိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို အကဲဖြတ်ရန် အိမ်တွင်းဥယျာဉ်စိုက်ပျိုးခြင်းတွင် ပါဝင်သော အိမ်ထောင်စုများနှင့် အကျိုးဖြစ်ထွန်းသော ဆွေးနွေးမှုများတွင် ပါဝင်ခဲ့သည်။ ရည်ရွယ်ချက်မှာ ၎င်းတို့၏ သီးနှံစီမံခန့်ခွဲမှုနည်းပညာများ ပိုမိုကောင်းမွန်လာစေရန်နှင့် ပိုးမွှားထိန်းချုပ်ရေး၊ ဆည်မြောင်းနှင့် သီးနှံဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးရန် ဖြစ်သည်။
စပါးသုတေသနပြုလေ့လာခြင်း – စပါးပင်များကြီးထွားမှု၊ အပင်အမြင့်နှင့် အောင်မြင်သော မျိုးစေ့ထုတ်ခြင်းဆိုင်ရာ အရေးကြီးသော အချက်အလက်များကို စုဆောင်းရာတွင် လိုအပ်သောအချက်အလက်များကို ဆောင်ရွက်ခဲ့သည်။ တိကျပြီး ယုံကြည်စိတ်ချရသော သုတေသနတွေ့ရှိချက်များကို သေချာစေရန် စနစ်တကျ ဒေတာစုဆောင်းခြင်းနည်းလမ်းများကို လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

## ReCAP

ယခုလတွင် ReCAP စီမံကိန်းသည် ဘီးလင်းမြို့နယ်အတွင်း သုံးရက်တာ တစ်ကိုယ်ရေသန့်ရှင်းရေးမြှင့်တင်ရေး(ToT) သင်တန်းကို စီစဉ်ကျင်းပခဲ့သည်။ အဆိုပါသင်တန်းတွင် စုစုပေါင်းသင်တန်းသား ၁၀ ဦးပါဝင်ခဲ့သည်။

အဆိုပါသင်တန်းသည် IDP များနှင့် လူမှုအသိုင်းအဝိုင်းအတွင်း တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ အလေ့အကျင့်များ တိုးမြှင့်လာစေရန် ရည်ရွယ်ပြီး တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များ၏ အရေးပါသော သဘောသဘာဝနှင့် သက်ဆိုင်ရာ WASH NFI ၏ လက်တွေ့အသုံးချမှုအပေါ် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။

– လှိုင်ကော်မြို့နယ်ရှိ Mobile Medical Unit အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့အစည်းထံသို့ ကွင်းဆင်းလေ့လာခဲ့သည်။







# နောက်ဆုံးရ စီမံကိန်း အချက်အလက်များ









## BRIGHT

ယခုလတွင်၊ Global Affairs Canada နှင့် ADRA Canada မှ ရန်ပုံငွေထောက်ပံ့ထားသော BRIGHT စီမံကိန်းသည် အောက်ပါလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့သည်။

– လားရှိုးမြို့နယ်တွင် ကြက်မွေးမြူခြင်းဆိုင်ရာ သင်တန်းကျင်းပခဲ့ရာ သင်တန်းသို့ ဒေသခံ ၁၀ ဦး တက်ရောက်ခဲ့သည်။ သင်တန်းအပြီးတွင် သင်တန်းသားများအား ၎င်းတို့၏ လုပ်ငန်းစတင်ရန် ကြက်များကိုလည်း ထောက်ပံ့ပေးခဲ့သည်။

– ဖရူဆိုမြို့နယ်တွင် သင်တန်းသား ၂၃ ဦးဖြင့် ဆပ်ပြာပြုလုပ်ခြင်း သင်တန်းကို ပြုလုပ်ခဲ့သည်။ သင်တန်းပြီးဆုံးချိန်တွင် စီမံကိန်းသည် အကျိုးခံစားခွင့်ရှိသူ ၂၃ ဦးအား ဆပ်ပြာပြုလုပ်ရာတွင်လိုအပ်သော ကုန်ကြမ်းများကို ပံ့ပိုးပေးခဲ့သည်။

– ထို့ပြင် မုန့်နှင့် အစားအစာချက်ပြုတ်ပြင်ဆင်ခြင်း သင်တန်းကိုလည်း ပြုလုပ်ခဲ့ရာ သင်တန်းသား ၂၀ ဦးတက်ရောက်ခဲ့သည်။ သင်တန်းပြီးဆုံးချိန်တွင် စီမံကိန်းသည် အကျိုးခံစားခွင့်ရှိသူများကို ၎င်းတို့၏ မုန့်လုပ်ခြင်းလုပ်ငန်းစတင်ရန် လိုအပ်သော ပစ္စည်းကိရိယာများကို တပ်ဆင်ပေးခဲ့သည်။



ဝန်ထမ်းသစ်
မိတ်ဆက်



# CALENDAR



## DECEMBER 2023

| SUN တနင်္ဂနွေ | MON တနင်္လာ | TUE အင်္ဂါ | WED ဗုဒ္ဓဟူး | THU ကြာသပတေး | FRI သောကြာ | SAT စနေ |
|---|---|---|---|---|---|---|
| 31 | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 National Day | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 Christmas Day | 26 | 27 | 28 | 29 | 30 |

### UPCOMING EVENTS

Timesheets are due on the 25th of each month

**'MINGALABA'**
Next Volume:
15 December 2023

ADRA